## အိမ်ခြံမြေ ဝယ်ယူ/ ရယူ/ လွှဲပြောင်း/ အမည်ပေါက် ပိုင်ဆိုင်နိုင်ရန်အတွက် ဆောင်ရွက်ရမည့် အခွန်ဆိုင်ရာကိစ္စရပ်များ

ပြည်တွင်းအခွန်များဦးစီးဌာနတွင်–

- ❖ အိမ်ခြံမြေကာလတန်ဖိုးသတ်မှတ်ခြင်း၊
- ❖ ဝယ်ယူခြင်းအတွက် စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေ ရှိ/မရှိ စစ်ဆေးမှုခံယူ၍ ဝင်ငွေခွန်ကျသင့်ပါက ဝင်ငွေခွန်ပေးဆောင်ခြင်း၊
- ❖ သတ်မှတ်တန်ဖိုးအပေါ်တွင် ကျသင့်တံဆိပ်ခေါင်းခွန် ထမ်းဆောင်ခြင်း တို့ကို ဆောင်ရွက်ရပါမည်။

## တင်ပြရန်လိုအပ်သည့် စာရွက်စာတမ်းများ

(၁) ရန်ကုန်မြို့တော်၊ မန္တလေးမြို့တော်နှင့် နေပြည်တော်စည်ပင်သာယာနယ်နိမိတ်အတွင်းတည်ရှိသော အိမ်ခြံမြေဖြစ်ပါက အဆိုပါစည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနခွဲမှ တစ်နှစ်အတွင်းထုတ်ယူထားသော မြေပုံ၊ မြေရာဇဝင် ပုံစံ–၁၀၅၊ ပုံစံ–၁၀၆ မူရင်း/မိတ္တူ။ ရန်ကုန်မြို့တော်၊ မန္တလေးမြို့တော်နှင့် နေပြည်တော်စည်ပင်သာယာနယ်နိမိတ်ပြင်ပနှင့် ကျန်တိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ မြို့နယ်များဖြစ်ပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တစ်နှစ်အတွင်း ထုတ်ယူထားသော မြေပုံ၊ မြေရာဇဝင် ပုံစံ–၁၀၅၊ ပုံစံ– ၁၀၆ မူရင်း/ မိတ္တူ။

- ➤ ဂရန်မရရှိသေးသော ခွင့်ပြုချထားမြေဖြစ်ပါက
  - • မြေကွက်ချထားပေးသည့်အမိန့် မူရင်း/ မိတ္တူ။
  - • သက်ဆိုင်ရာ မြေယာကော်မတီသို့ ပေးသွင်းသည့် မြေယာဖော်ထုတ်စရိတ်နှင့် မြေယာစီမံခန့်ခွဲမှုစရိတ် ပေးသွင်းသည့် ငွေသွင်းချလန် မူရင်းနှင့်မိတ္တူ။






(၂) အောက်ပါတို့အနက် တစ်ခုခုကိုဆောင်ရွက်ခြင်းဖြစ်ပါက–

- ➤ <u>ဝယ်ယူခြင်း</u>

  ဝယ်ယူသူနှင့်ရောင်းချသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/ မိတ္တူနှင့် အိမ်ထောင်စုဇယားပုံစံ ၆၆/၆ မူရင်း/ မိတ္တူ။
- ➤ <u>မေတ္တာဖြင့်ပေးကမ်းခြင်း</u>

  ပေးကမ်းသူနှင့် လက်ခံသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/ မိတ္တူနှင့် အိမ်ထောင်စုဇယားပုံစံ ၆၆/၆ မူရင်း/ မိတ္တူ။
- ➤ <u>လဲလှယ်ခြင်း</u>

  လဲလှယ်သူနှစ်ဦး၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/ မိတ္တူနှင့် အိမ်ထောင်စုဇယားပုံစံ ၆၆/၆ မူရင်း/ မိတ္တူ။

(၃) ကိုယ်စားလှယ်ဖြင့်ဆောင်ရွက်ခြင်းဖြစ်ပါက ဝယ်ယူသူ/ ရောင်းချသူ/ ပေးကမ်းသူ/ လက်ခံသူ/ လဲလှယ်သူ တို့မှ လွှဲအပ်သော ကိုယ်စားလှယ်လွှဲစာနှင့် ကိုယ်စားလှယ်၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူနှင့် အိမ်ထောင်စုဇယား ပုံစံ ၆၆/၆ မူရင်း/မိတ္တူ။

(၄) မြေကွက် သို့မဟုတ် မြေနှင့်အဆောက်အအုံ ဓာတ်ပုံ (ရှေ့၊ နောက်၊ ဘေး ၂ ဖက်)၊

(၅) မြေငှားစာချုပ်(ဂရန်) မူရင်း/မိတ္တူ။

(၆) အရောင်းအဝယ်စာချုပ် သို့မဟုတ် မေတ္တာဖြင့်ပေးကမ်းခြင်း စာချုပ် သို့မဟုတ် လဲလှယ်သည့်စာချုပ် မူရင်း/ မိတ္တူ။

(၇) မေတ္တာဖြင့်ပေးကမ်းခြင်းဖြစ်လျှင် ပေးကမ်းသူ၏ အမွေဆက်ခံသူများရှိပါက ပေးကမ်းမှုကို သိရှိပါကြောင်းနှင့် ၎င်းတို့ပိုင်ဆိုင်မှုများကို စွန့်လွှတ်ကြောင်း ကျမ်းကျိန်လွှာနှင့် ပေးကမ်းခြင်း မမြောက်သည့် အကြောင်းပေါ်ပေါက်က နိုင်ငံတော်၏အခွန်ငွေများ နစ်နာဆုံးရှုံးမှုမရှိစေရန် ခံဝန်တင်သွင်းသည့်စာချုပ်၊



## တန်ဖိုးကိုစိစစ်သတ်မှတ်ခြင်း

- ❖ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀–၄–၂၀၁၇ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၁၇ ဖြင့် ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့ကို ဌာန/အဖွဲ့အစည်း(၆)ခုမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပါသည်။
- ❖ ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့မှ–

  လယ်ယာမြေမှအပ ကျန်မြေနှင့်အဆောက်အအုံများဝယ်ယူခြင်း၊ ရောင်းချခြင်း၊ တည်ဆောက်ခြင်း၊ မေတ္တာဖြင့်ပေးကမ်းခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ မြေနှင့် အဆောက်အအုံကို ကာလတန်ဖိုးစိစစ်သတ်မှတ်ပေးမည် ဖြစ်ပါသည်။
- ❖ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်များအနေဖြင့် တိုင်းဒေသကြီး ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့ကလည်းကောင်း၊ ရန်ကုန်မြို့တော်နှင့် မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်ပြင်ပရှိမြို့နယ်များ၊ ပြည်ထောင်စုနယ်မြေနှင့် ကျန်တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ မြို့နယ်များဖြစ်ပါက မြို့နယ်ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့ကလည်းကောင်း ကာလတန်ဖိုးစိစစ်သတ်မှတ်ပေးပါသည်။
- ❖ ကာလတန်ဖိုးစိစစ်သတ်မှတ်ခံယူပြီးတစ်နှစ်အတွင်း အခွန်စည်းကြပ်မှုခံယူရန်ပျက်ကွက်ပါက ကာလတန်ဖိုးစိစစ်သတ်မှတ်ချက်ကို ပယ်ဖျက်သွားမည်ဖြစ်ပါသည်။ တစ်နှစ်ကျော်မှ အခွန်စည်းကြပ်မှုခံယူမည်ဆိုပါက လက်ရှိကာလတန်ဖိုးပေါက်ဈေးဖြင့် ပြန်လည်တန်ဖိုးသတ်မှတ်သွားမည် ဖြစ်ပါသည်။



## ပေးဆောင်ရမည့်အခွန်တွက်ချက်ခြင်း

- အိမ်ခြံမြေဝယ်ယူသူအနေဖြင့် ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့က သတ်မှတ်သည့် ဝယ်ယူတန်ဖိုးအပေါ် မိမိအနေဖြင့် တင်ပြနိုင်သည့် ဝင်ငွေရလမ်းအထောက်အထားများ တင်ပြရမည်ဖြစ်ပြီး ဝယ်ယူတန်ဖိုး လုံလောက်မှုရှိပါက ဝင်ငွေခွန်ပေးဆောင်ရန် မလိုအပ်ပါ။ ဝင်ငွေရလမ်း တင်ပြနိုင်ခြင်းမရှိပါက နှစ်စဉ်ပြဋ္ဌာန်းသည့်ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါ နှုန်းထားများအတိုင်း ပေးဆောင်ရမည်ဖြစ်ပါသည်။
- မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မည်သည့်မြို့နယ်တွင်တည်ရှိသည့် အိမ်၊ မြေ၊ အဆောင်အအုံကို ဝယ်ယူသည်ဖြစ်စေ၊ လဲလှယ်သည်ဖြစ်စေ သတ်မှတ်သည့်ကာလတန်ဖိုးအပေါ်တွင် တံဆိပ်ခေါင်းခွန် ၂ ရာခိုင်နှုန်းအပြင် အပိုတံဆိပ်ခေါင်းခွန် ၂ ရာခိုင်နှုန်း၊ စုစုပေါင်း ၄ ရာခိုင်နှုန်းကို ပေးဆောင်ရပါမည်။
- မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးက တွက်ချက်ထုတ်ပေးသည့် ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန် ငွေသွင်းချလန်တို့ဖြင့် သက်ဆိုင်ရာမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်တွင် ပေးဆောင်ရပါမည်။
- မြန်မာ့စီးပွားရေးဘဏ်သို့ ငွေပေးသွင်းပြီးသည့် ဝင်ငွေခွန်ချလန်နှင့် တံဆိပ်ခေါင်းခွန်ချလန်ဖြတ်ပိုင်း မူရင်း/မိတ္တူ အား မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင်ပြသ၍ စာချုပ်ချုပ်ဆိုရန် တံဆိပ်ခေါင်းများ ထုတ်ယူရပါမည်။ (မေတ္တာဖြင့် ပေးကမ်းခြင်းဖြစ်ပါက ဝင်ငွေခွန်ပေးဆောင်ရန် မလိုပါ။)

မိမိဝယ်ယူ/ရယူသည့် အိမ်ခြံမြေတည်ရှိရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင် သတ်မှတ်စံနှုန်းများအား ကြော်ငြာသင်ပုန်းတွင် ဖော်ပြထားသကဲ့သို့ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website တွင်လည်းဖော်ပြထားပါသည်။ ရပ်ကွက်အလိုက်၊ လမ်းအလိုက် စံနှုန်းများ၊ အဆောက်အအုံပါရှိခြင်းအတွက် အဆောက်အအုံ အမျိုးအစားအလိုက် သတ်မှတ်သည့် စံနှုန်းများ (တစ်ပေလျှင် မည်မျှကုန်ကျမည် တွက်ချက်သည့် PAE နှုန်း) တို့ကို ဖတ်ရှုပြီး တွက်ချက်နိုင်ပါသည်။

- အိမ်ခြံမြေကို ဝယ်ယူ/ ရယူသူများအနေဖြင့် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေပုဒ်မ ၃၁ အရ ဝင်ငွေခွန်စည်းကြပ်မှု အကြောင်းကြားစာ ပုံစံ ပတခ(ဝင)-၀၄-၀၈ နှင့်အတူ မြန်မာ့စီးပွားရေးဘဏ်တွင် ပေးဆောင်ပြီးသည့် ကျသင့်ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန် ချလန်ဖြတ်ပိုင်း မူရင်းများ၊ တံဆိပ်ခေါင်းခွန်အပြည့်အဝကပ်နှိပ်ထမ်းဆောင်ထားသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်များဖြစ်ပါက စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့လည်းကောင်း၊ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် စည်ပင်သာယာနယ်နိမိတ်ပြင်ပရှိ မြို့နယ်များနှင့် ကျန်တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ မြို့နယ်များဖြစ်ပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးရုံးများသို့ သွားရောက်မှတ်ပုံတင်ရမည်ဖြစ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန




**အသေးစိတ်သိရှိလိုပါက** အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး(ရန်ကုန်) အမှတ်- ၁၂၈/၁၃၂ (ဒုတိယထပ်နှင့်တတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၈-၃၈၉၃၁၁၊ ဖုန်း-၀၁-၈-၃၈၉၃၂၂၊ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်)၊ ရုံးအမှတ်(၄၆)၊ ဖုန်း-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄ **သို့မဟုတ်** အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊ ၆၅လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ ဖုန်း-၀၂-၄၀၃၀၁၉၂၊ ဖုန်း-၀၂-၄၀၃၀၆၃၈၊ ဖုန်း-၀၂-၄၀၃၀၆၃၉ သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird. gov. mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး လိုအပ်သည့်ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင်နှင့် ပုံစံများကိုလည်း download ရယူနိုင်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## အိမ်ခြံမြေ ဝယ်ယူ/ ရယူ/ လွှဲပြောင်း/ အမည်ပေါက် ပိုင်ဆိုင်နိုင်ရန်အတွက် ဆောင်ရွက်ရမည့် အခွန်ဆိုင်ရာကိစ္စရပ်များ




ပြည်တွင်းအခွန်များဦးစီးဌာန
ရုံးအမှတ်(၄၆)၊ နေပြည်တော်

https//www.ird.gov.mm